## Highlights from DVB Debate's 2008 Constitution Show

## "When will the 2008 Constitution change?"

## December 10, 2016

"၂၀၁၂ တုန်းက ပေးခဲ့တဲ့ ကတိနဲ့ အခု ၂၀၁၅ ရွေးကောက်ပွဲမှာပေးခဲ့တဲ့ ကတိ နည်းနည်းကွာပါတယ်။ ၂၀၁၂ ရွေးကောက်ပွဲမှာ ကတိ ၃ ခုပေးတဲ့နေရာမှာ အမှတ်စဉ် ၂ မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလို့ သုံးပါတယ်။ ၂၀၁၅မှာပေးခဲ့တဲ့ ကတိကျတော့ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီစနစ်ကို အာမခံတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ တရပ် ပေါ်ပေါက်ရေးလို့ သုံးပါတယ် ပြင်ဆင်ဆိုတဲ့ စကားကို မသုံးတော့ပါဘူး။ ၂၀၀၈ ဖွဲ့စည်းပုံဟာ စ၊လယ်၊ဆုံး ပြင်ရမယ့် ဥပဒေဖြစ်ပါတယ်"

ဦးကိုနီ - ဥပဒေအကြံပေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

---

"ဒီဥစ္စာကို စတင်ဆွဲပြီးတော့ ပြည်သူလူထုတရပ်လုံး ၉၂ ရာနှုန်းကျော် ထောက်ခံထားတဲ့အတွက် စတင် သုံးစွဲကြည့်ပါ။ သုံးစွဲကြည့်ပြီးတော့ ပြည်သူလူထုတွေက အဲဖွဲ့စည်းပုံ အခြေခံဥပဒေအရ နစ်နာမှု တစုံတရာရှိခဲ့မယ် လူသားအားလုံးအတွက် မကောင်းဘူး တခုခု effect ဖြစ်ခဲ့မယ်ဆိုရင် ပါတီအနေနဲ့လည်း ပေ့ါစတစ်ဗ်ပါ ပြင်ရပါမယ်။ ပြင်တဲ့အခါမှာလည်း အခန်း ၁၁ မှာပါတဲ့ သူ့ rules and regulations အတိုင်း ပြုပြင်သွားမယ်ဆိုရင် ဘာမှ ပြောစရာမရှိပါဘူး"

ဦးလှသိန်း - ဗဟိုအလုပ်အမှုဆောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

---

"တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး စာချုပ် ချုပ်လိုက်တာက ၂၀၀၈ ဘောင်ထဲရောက်သွားတယ်ထင်နေတယ်။ တကယ်တော့ မဟုတ်ဘူး သီးခြားလမ်းကြောင်းတခု ထွင်လိုက်တာ ကျနော်တို့ အခေါ် လွှတ်တော်ပြင်ပ လမ်းကြောင်းကနေ သွားပြီး တနေ့တချိန် ၂၀၀၈ ဖွဲ့စည်းပုံကို ပြင်ဆင်နိုင်တဲ့အထိ ဦးတည်နေတယ်"

ဗိုလ်မှူးကြီး ခွန်ဥက္ကာ - နာယက၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်

---

"ဒီ consitution ကြီးက အပြင်မှာကိုပြောနေတာ ဒါ constitution မဟုတ်ဘူး တထောင့်တည ပုံပြင်ကြီး။ စာအုပ်ကြီးက အထူကြီး ပုဒ်မ ၄၅၇ ရှိတယ်. ကြည့်လိုက်တော့ procedure တွေ အများကြီးပါနေတယ်။ နောက်တခါ တာဝန်နဲ့လုပ်ငန်းစဉ်တွေ အများကြီးပါနေတယ်။ ဒီအတွက်လည်း သီးခြားဥပဒေတွေ ပြဌာန်းထားတယ်. ဒီဖွဲ့စည်းပုံမှာလည်း ထည့်ထားတယ်ဆိုတော့ တကယ့်မူလဖွဲ့စည်းပုံအခြေခံဥပဒေမဟုတ်ဘဲ Procedure Law လိုဖြစ်နေတယ်။"

ဦးအောင်သန်းစိုး - ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး

"ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံ ဥပဒေရေးဆွဲချိန်မှာ တပ်မတော်အစိုးရလက်ထက်ပေါ့. တပ်မတော်ချည်းပဲ ရေးဆွဲခဲ့တာမဟုတ်ဘူး. အဲမှာ အဖွဲ့အစည်းအသီးသီးက လူထုလူတန်းစားအသီးသီးပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၁၇ ဖွဲ့ပါပါတယ်။ တိုင်းရင်းသားမျိုးစုံ ကိုယ်စားလှယ်တွေပါတယ်။ အသိပညာရှင် အတတ်ပညာရှင်တွေပါတယ်။ တစုတဖွဲ့ တအာဏာထဲကနေ ဒါကို ရေးဆွဲပြဌာန်းလာတဲ့ ဥပဒေမဟုတ်တာတော့ ဒါ မငြေးသောကာလပါ အားလုံးရှင်းနေပါတယ်"

ဦးလှသိန်း - ဗဟိုအလုပ်အမှုဆောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

"တစုတဖွဲ့က ရေးတာ မဟုတ်ဘူးလို့ ပြောတယ်။ ကျနော်တို့ မှတ်မိသလောက် အစုအဖွဲ့ ၈ ခုပေါ့ ရွေးကောက်တင်မြှောက်ခံရတဲ့ ကိုယ်စားလှယ်တွေရောပေါ့။ အဲ ၈ ခုထဲမှာ ၇ ခုက တပ်မတော်အစိုးရက စိတ်တိုင်းကျ ရွေးထားတဲ့လူတွေ သူတို့က တစု၊ နောက်တစုက ၁၀၀ ကျော်ပေါ့..SNLD ပါတယ် NLD ပါတယ်။ ဒါပေမယ့် အားလုံးပေါင်း ညီလာခံကိုယ်စားလှယ် ၇၀၀ မှာ ပြည်သူလူထုရွေးတဲ့သူက ၁၀၀ ကျော်ပဲပါတယ်။ အမြဲတမ်းပြည်သူလူထု ရွေးတဲ့ ကိုယ်စားလှယ်တွေက ကန့်ကွက်တယ်၊ ကန့်ကွက်တိုင်း မဲခွဲတယ်။ ၆၀၀ နဲ့ ၁၀၀ ဗျာ မဲခွဲရင် အမြဲတမ်းရှုံးနေတော့ ညီလာခံမှာ မဲခွဲတာ မမှန်ဘူးဆိုပြီး ညီလာခံ လုပ်ထုံးလုပ်နည်းပြင်ပေးဖို့ ပြောပြီး အစည်းအဝေး ၂ ရက် ပျက်ကွက်တာကို၊ ညီလာခံပျက်ကွက်တယ်ဆိုပြီး ထုတ်ပလိုက်တယ်။ နောက်ပိုင်းဆက်လုပ်တဲ့ ညီလာခံမှာ ပြည်သူလူထုကိုယ်စားပြုတဲ့ ကိုယ်စားလှယ်တွေမပါဘူး။"

ဦးကိုနီ - ဥပဒေအကြံပေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

"ကျနော်တို့နိုင်ငံက လိုက်နာရမှာ တည်ရှိနေဆဲဥပဒေတွေနဲ့ ဆက်စပ်နေတဲ့ ဥပဒေတွေ လိုက်နာရမှာဖြစ်တယ်။ အစားထိုးမယ်ဆိုလည်း ပုဒ်မ ၄၃၃ မှာပါပြီးသားပါ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဌာန်းချက်တရပ်ရပ်ကို ပြင်ဆင်လိုပါက သတ်မှတ်ချက်နည်းများအတိုင်း ဆောင်ရွက်ရမည် ပါတယ် အဲအတိုင်းဆောင်ရွက်သွားရင် ဘာမှပြောစရာမရှိပါဘူး"

ဦးလှသိန်း - ဗဟိုအလုပ်အမှုဆောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

"ရှင်းရှင်းပြောရင်တော့ တိုင်းရင်းသားလက်နက်ကိုင်အားလုံးက ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေကို မထောက်ခံကြဘူး၊ လက်လည်းမခံဘူး။ အန်စီအေ စာချုပ်လုပ်တဲ့အခါမှာ စာချုပ်နောက်မှာ ပုဒ်မ တခု ထည့်တယ်။ ဘာလဲဆိုတော့ အပစ်အခတ်ရပ်စဲရေး စာချုပ်ကို လက်မှတ် ရေးထိုးခြင်းသည် ၂၀၀၈ ဥပဒေဘောင်ထဲရောက်ရှိခြင်း မဟုတ်. အကျုံးမဝင်ကြောင်းဆိုပြီး"

ပိုလ်မှူးကြီး ခွန်ဥက္ကာ - နာယက၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်

"ခန့်ထားခံရတဲ့သူနဲ့ နိုင်ငံရေးတာဝန်ယူထားသူတွေ ကိစ္စ။ ခန့်ထားခံရသူက နိုင်ငံရေးတာဝန်ရှိသူကို ဝင်စွက်လို့မရဘူး။ ဒီမှာဘာဖြစ်နေလဲဆိုတော့ ကာချုပ်က ပြည်ထဲရေးဝန်ကြီးဌာန နောက်တခါ ကာကွယ်ရေးဝန်ကြီးကို ခန့်နိုင်တယ်။ ဒါပေမယ့် ကျနော်တို့ အတွေ့အကြုံအရဆို ကာကွယ်ရေး ဝန်ကြီးဌာနသည် ကာချုပ် အထက်ကဖြစ်ရမယ်။ အခုက ကာချုပ်အောက်ဖြစ်နေတာပေါ့။ ဒီပြဌာန်းချက်တွေကိုက မှန်ကန်ခြင်းမရှိဘူး။"

ဦးအောင်သန်းစိုး - ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး

---

"ဖွဲ့စည်းပုံအခြေခံဥပဒေမှာကိုက တပ်မတော်ကို သီးခြားလုပ်ပိုင်ခွင့်အာဏာ အပြည့်အဝပေးထားတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ လုပ်တယ်ပြောရင် သူ့အာဏာ သူလုပ်တာပဲ။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာကို ချို့ယွင်းအားနည်းနေတော့ တပ်မတော်လည်း အပြစ်တင်လို့မရဘူး။ တပ်မတော်ရဲ့ အခွင့်ထူးခံတွေပါနေတဲ့ ဥပဒေကို တပ်မတော်ကိုယ်တိုင် ဦးဆောင်ပြင်သင့်တယ်လို့ အကြံပြုချင်တယ်"

ဗိုလ်မှူးကြီး ခွန်ဥက္ကာ - နာယက၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်

---